## ၄။ သဒ္ဒါရှင်းလင်းချက်

၁. | V -အဘိဓာန်ပုံစံ<br>V ない - ပုံစံ ない<br>い -adj(~い)<br>な -adj な<br>N の | とき、~(အမှီခံအဆစ်အပိုင်း) |
|---|---|

~ တဲ့အခါ

とき သည်နောက်မှဆက်၍လိုက်သောအမှီခံအဆစ်အပိုင်းကဖော်ညွှန်းသည့်အခြေအနေ၊ ပြုမူလုပ်ဆောင်မှုနှင့် ဖြစ်စဉ်တို့၏ဖြစ်တည်သည့်အချိန်ကိုဖော်ပြသည်။ とき ၏ရှေ့၌ရှိသောပုံစံမှာ နာမ်ကိုအထူးပြုသောပုံစံနှင့်တူညီသည်။

① 図書館(としょかん)で 本(ほん)を 借(か)りる とき、カードが 要(い)ります。
စာကြည့်တိုက်မှာ စာအုပ် ငှားတဲ့အခါ ကတ် ရှိဖို့ လိုပါတယ်။

② 使(つか)い方(かた)が わからない とき、わたしに 聞(き)いて ください。
သုံးပုံသုံးနည်း မသိတဲ့အခါ ကျွန်တော့်/ကျွန်မကို မေးပါ။

③ 体(からだ)の 調子(ちょうし)が 悪(わる)い とき、「元気茶(げんきちゃ)」を 飲(の)みます。
ခန္ဓာကိုယ် မအီမသာ ဖြစ်တဲ့အခါ "ကျန်းမာရေးလက်ဖက်ရည်"ကို သောက်ပါတယ်။

④ 暇(ひま)な とき、うちへ 遊(あそ)びに 来(き)ませんか。
အားတဲ့အခါ အိမ်ကို လာလည်ပါဦးလား။

⑤ 妻(つま)が 病気(びょうき)の とき、会社(かいしゃ)を 休(やす)みます。
အမျိုးသမီးက နေမကောင်းတဲ့အခါ ကုမ္ပဏီကို အနားယူပါတယ်။

⑥ 若(わか)い とき、あまり 勉強(べんきょう)しませんでした。
ငယ်ရွယ်စဉ်အခါက စာသိပ်မလုပ်ခဲ့ပါဘူး။

⑦ 子(こ)どもの とき、よく 川(かわ)で 泳(およ)ぎました。
ကလေးဘဝတုန်းက ချောင်းထဲမှာ ခဏခဏ ရေကူးပါတယ်။

とき ကိုအထူးပြုသောပုဒ်၏ကာလသည်အမှီခံအဆစ်အပိုင်းမှကာလ၏လွှမ်းမိုးမှုကိုလက်ခံခြင်းမရှိ။

၂. | V -အဘိဓာန်ပုံစံ<br>V た - ပုံစံ | とき、~(အမှီခံအဆစ်အပိုင်း) |
|---|---|

~ တုန်းက

အချိန်၏ရှေ့မှကြိယာသည်အဘိဓာန်ပုံစံဖြစ်ပါကအမှီခံအဆစ်အပိုင်းသည်~とき ပါသောအဆစ်အပိုင်းထက်စော၍ရှေ့၌ဖြစ်ပေါ်သောအကြောင်းကိုဖော်ညွှန်းသည်။ အချိန်၏ရှေ့မှကြိယာသည်た - ပုံစံဖြစ်ပါက၊အမှီခံအဆစ်အပိုင်းသည်~とき ပါသောအဆစ်အပိုင်းထက်နောက်ကျမှဖြစ်ပေါ်သောအကြောင်းအရာကိုဖော်ညွှန်းသည်။

⑧ パリへ 行(い)く とき、かばんを 買(か)いました。
ပါရီ အသွားတုန်းက အိတ် ဝယ်ခဲ့ပါတယ်။

⑨ パリへ 行(い)った とき、かばんを 買(か)いました。
ပါရီကို သွားတုန်းက အိတ် ဝယ်ခဲ့ပါတယ်။

⑧ သည်အိတ်ကိုဝယ်ခဲ့သည်မှာပါရီမရောက်မီ၊တစ်နည်းအားဖြင့်ပါရီသို့အသွား ၎င်းသွားရာလမ်း၏တစ်နေရာရာ၌ဝယ်ခဲ့ခြင်း ဖြစ်ကြောင်းကိုဖော်ပြပြီး၊ ⑨ သည်အိတ်ကိုဝယ်ခဲ့သည်မှာပါရီရောက်ပြီးနောက်၊တစ်နည်းအားဖြင့် ပါရီ၌ဝယ်ခဲ့ခြင်းဖြစ်ကြောင်းကို ဖော်ပြသည်။





၃. | V - အဘိဓာန်ပုံစံ と、~(အမှီခံအဆစ်အပိုင်း) |
|---|

~ လိုက်ရင်

と ၏ရှေ့၌အပြုအမူနှင့်အကြောင်းအရပ်များဖြစ်ပွားပါက၎င်း၏နောက်တွင်ဆက်၍လိုက်မည့်အမှီခံအဆစ်အပိုင်းမှအခြေအနေ၊ပြုမူလုပ်ဆောင်မှု၊ဖြစ်စဉ်နှင့်အကြောင်းအရပ်တို့သည်ဖြစ်ရိုးဖြစ်စဉ်အလိုက်အထမြောက်ခြင်းဖြစ်ကြောင်းကိုဖော်ပြသည်။

⑩ この ボタンを 押(お)すと、お釣(つ)りが 出(で)ます。
ဒီ ခလုတ်ကို နှိပ်လိုက်ရင် အကြွေ ထွက်လာပါမယ်။

⑪ これを 回(まわ)すと、音(おと)が 大(おお)きく なります。
ဒါကို လှည့်လိုက်ရင် အသံကျယ်လာပါမယ်။

⑫ 右(みぎ)へ 曲(ま)がると、郵便局(ゆうびんきょく)が あります。
ညာဘက်ကို ကွေ့လိုက်ရင် စာတိုက် ရှိပါတယ်။

၄. | N が adj |
|---|

သင်ခန်းစာ-၁၄၌တစ်စုံတစ်ခုသောဖြစ်စဉ်အားအင်္ဂါရပ် (မျက်လုံး၊နားစသည်)ဖြင့်ခံစားရသည့်အတိုင်းဖော်ပြခြင်းနှင့်တစ်စုံတစ်ခုသောဖြစ်ရပ်အားဓမ္မဓိဋ္ဌာန်ကျကျဖြင့်အရှိအတိုင်းပြောခြင်းတို့တွင် が ကိုအသုံးပြုသောအကြောင်းကိုလေ့လာခဲ့ပြီးဖြစ်သည်။ ၎င်းကိုကြိယာဝါကျတစ်မျိုးတည်း၌သာမဟုတ်ဘဲနာမဝိသေသနဝါကျ၌လည်းအသုံးပြုသည်။

⑬ 音(おと)が 小(ちい)さいです。 အသံ တိုးပါတယ်။

၅. | N を ရွေ့လျားခြင်းပြ V |
|---|

さんぽします၊わたります၊あるきます စသည့်ရွေ့လျားခြင်းပြကြိယာနှင့်အတူတွဲ၍အသုံးပြုသော を သည်လူပုဂ္ဂိုလ်နှင့် အရာဝတ္ထုတို့၏ဖြတ်သန်းသည့်နေရာကိုဖော်ပြသည်။

⑭ 公園(こうえん)を 散歩(さんぽ)します。 ပန်းခြံမှာ လမ်းလျှောက်ပါတယ်။(သင်ခန်းစာ-၁၃)

⑮ 道(みち)を 渡(わた)ります。 လမ်းကို ဖြတ်ကူးပါတယ်။

⑯ 交差点(こうさてん)を 右(みぎ)へ 曲(ま)がります。 လမ်းဆုံကနေ(/ရောက်ရင်) ညာဘက်ကို ကွေ့ပါတယ်။